# ပညာအရည်အသွေးစစ် မူဘောင်

## အကျဉ်းချုပ် အစီရင်ခံစာ ၂၀၁၈/၂၀၁၉

ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းပညာရေးကျောင်းများ၏
ပညာရေးအရည်အသွေးကို မှတ်တမ်းတင်ခြင်း

help without frontiers มูลนิธิช่วยไร้พรมแดน

B.M.W.E.C
Release the Potential

BMTA

Teacher FOCUS Myanmar

# ပညာအရည်အသွေးစစ် မူဘောင်

## ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းပညာရေးကျောင်းများ၏ ပညာရေးအရည်အသွေးကို မှတ်တမ်းတင်ခြင်း

(EQF) ပညာအရည်အသွေးစစ် မူဘောင်ကို ရေးဆွဲခဲ့ခြင်းမှာ (MLCs) ရွှေ့ပြောင်းပညာရေး ကျောင်းများတွင် တူညီသည့် ပညာရေး အရည်အသွေးအဆင့်အတန်း တစ်ခုကို ရရှိစေရန်ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်၍ လုပ်ငန်းစဉ် တစ်လျှောက်လုံး ရွှေ့ပြောင်းပညာရေးတွင် အဓိက ပါဝင်သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများကို အပြည့်အဝ လုပ်ဆောင်ခဲ့ပါသည်။ ထိုပညာရေးအရည်အသွေးမူဘောင်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း စမ်းသပ်အသုံးပြုပြီးသည့် နောက်ပိုင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအုပ်ဆရာ/မ များ၏ အကူအညီဖြင့် ရွှေ့ပြောင်းပညာရေးကျောင်းပေါင်း (၃၈) ကျောင်းတွင်အကောင်အထည်ဖော်စတင်အသုံးပြုခဲ့ပါသည်။ ပညာရေး အရည်အသွေးမူဘောင်ကို မြန်မာ၊ ထိုင်း နှင့် အင်္ဂလိပ် ဘာသာများဖြင့် ရရှိနိုင်ပြီး တာ့(ခ်)ခရိုင် ပညာရေးဝန်ကြီးဌာန (Tak, PESAO 2) မှ အတည်ပြုခြင်းခံထားရပါသည်။ရွှေ့ပြောင်း ပညာရေး ကျောင်းများမှ ကြုံတွေ့နေရသော ပြဿနာများ၏ အရင်းအမြစ်များနှင့် ကျောင်းများ၌ ကျင့်သုံးသော စီမံမှုစနစ်အဆင့်ဆင့် တည်ဆောက်ပုံများကိုသိရှိရန် အထူးရည်ရွယ်ပြီး ပညာရေးအရည်အသွေးမူဘောင် (EQF)ကို ဖန်တီးထားသည်။

## ၂၀၁၈-၂၀၁၉ ရလဒ်

၇၂% ↑ ၃% — ဆရာ/မများ အရည်အသွေးနှင့် ပံ့ပိုးမှု

၇၃% ↑ ၅% — ကျောင်းသားများ အသိအမှတ်ပြုခံရမှု

၆၉% ↑ ၅% — ကလေးကာကွယ် စောင့်ရှောက်ရေး

၇၂% ↓ ၃% — ကျောင်းစီမံခန့်ခွဲမှု

၆၃% ↑ ၂% — မိဘ၊ဆရာပူးပေါင်းပါဝင်မှု

EQFမှ တိုင်းတာမှုပေါင်း (၅၄)ခု ပြုလုပ်ပြီးအရည်အချင်းစစ်နယ်ပယ်(၅)ခုအဖြစ် စုစည်းထားပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ တာ့ခ်ခရိုင်ထိုင်းပညာ ရေးဌာန လက်အောက်တွင် စုစုပေါင်း(၆၁)ကျောင်း နှင့် ကျောင်းခွဲ(၉) ကျောင်းရှိပါသည်။ကျောင်းသူ/သားပေါင်း(၁၁,၇၆၆)ဦးတက်ရောက် နေပြီး ဆရာ၊ ဆရာမစုစုပေါင်း (၇၀၀)ဦး *(ဆရာ-၂၅၉ ဦး နဲ့ ဆရာမ-၄၄၁ ဦး)* တို့ရှိပါသည်။ (MECC, ၂၀၁၈)

EQF ရဲ့၂၀၁၈ စစ်တမ်းတွင်ပါဝင်ခဲ့သည့် ရွှေ့ပြောင်းကျောင်း (၅၄) ကျောင်း ရဲ့ ပျမ်းမျှ စံချိန်အညွှန်း မှာ

**ရမှတ်စုစုပေါင်း**
**ယခင်နှစ်ထက် ကျောင်းများရဲ့ ပါဝင်မှု ပြောင်းလဲမှု**
**၇၀%** ↑ ၃%

EQF ရဲ့ ၂၀၁၇-၂၀၁၈ခုနှစ် တွင် ပါဝင်ခဲ့သော ရွှေ့ပြောင်း ကျောင်းများ၌ **နယ်ပယ် ၅ ခုတွင် ၄ ခု တိုးတက်မှု ရှိခဲ့သည်။**

# (၂၀၁၈-၂၀၁၉) ခုနှစ်အတွင်း ရွှေ့ပြောင်းပညာရေးနယ်ပယ်၏ အောင်မြင်မှုများ

- မဲဆောက်ဒေသတွင်းရှိ (MLCs) ရွှေ့ပြောင်းကျောင်း (၆၁) ကျောင်းတွင် တက်ရောက်နေသော ကျောင်းသား၊ သူ (၁၂၀၀၀) ဦးခန့်သည် HWF မှတစ်ဆင့် The Autonomous Region of Trentino-South Tyrol ၏အကူအညီဖြင့် စာရေးကိရိယာ များလက်ခံရရှိခဲ့သည်။
- Save the Childrenနှင့် IOMတို့ ပူးပေါင်းပြီး (MLCs)ကျောင်းသား (၇၃၉)ဦးကို ထိုင်းအစိုးရကျောင်းများတွင် အပ်နှံပေး ခဲ့သည်။ ထိုကျောင်းသား၊ သူများထဲမှ ၉၆% သည် နောက်နှစ်များတွင်လည်း ထိုကျောင်းများတွင် ပညာဆက်လက်သင်ယူကြပါလိမ့်မည်။
- MLCs ရှိကျောင်းသား၊ သူ (၇၃၅)ဦးသည် မြန်မာအစိုးရ၏ ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ် Non-Formal Primary Education (NFPE)တွင် တက်ရောက်ခဲ့သည်။ ကျောင်းသား (၅၀၇)ဦးအနက် (၄၀၃) ဦး သည် (NFPE) စာမေးပွဲကို အောင်မြင်ခဲ့ကြသည်။
- ရွှေ့ပြောင်းကျောင်း (၂၀) ကျောင်းမှ ကျောင်းသား (၉၆)ဦးအတွက် ထိုင်းဘာသာ ကျွမ်းကျင်မှု ပြိုင်ပွဲကို MECCမှ စီစဉ်ကျင်းပ ပေးခဲ့သည်။
- ဆရာ/မ (၄၈) ဦးကို မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပ၊ တစ်သက်တာပညာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန(MLRC)မှ ကျောင်းပြင်ပ ပညာရေးဆရာ၊ ဆရာမများအဖြစ် လေ့ကျင့်ပေးပြီး အသိအမှတ်ပြုပေးခဲ့သည်။
- မြန်မာနိုင်ငံပညာရေး ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်ပြုလုပ်သည့် ဒုတိယတန်းသင်ရိုးညွှန်းတမ်း အဆင်မြှင့်တင်ခြင်းသင်တန်းကို တက်ရောက်ရန် အတွက် ရွှေ့ပြောင်းဒေသမှ ဆရာ၊ ဆရာမ(၄၂)ဦးအား BMWEC မှ ကူညီထောက်ပံ့ပေးခဲ့သည်။
- MECC မှ ကြီးမှူးကျင်းပသည့် ရွှေ့ပြောင်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ အစည်းအဝေးကို ရွှေ့ပြောင်းကျောင်းများနှင့် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ၊ NGOsများ၊ ထိုင်း နှင့် မြန်မာနိုင်ငံရှိ အရပ်ဖက်လူမှုရေးအသင်းအဖွဲ့(CBOs )များ နှင့် ပညာရေးအဖွဲ့အစည်းများအကြား ပေါင်းစည်းဆက်ဆံရေးပိုမို မြင့်တက်လာစေရန် ရည်ရွယ်ချက်ဖြင့် (၃)လတစ်ကြိမ်ကျင်းပသည်။
- MECCမှ ရွှေ့ပြောင်း ကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအားလုံးအတွက် ဆရာ၊ ဆရာမကဒ်များ ထုတ်ပေးခဲ့သည်။
- ကျောင်းသား၊ သူ(၃၅၁)ဦးသည် မြန်မာအစိုးရစစ် (၄)တန်းစာမေးပွဲကိုဖြေဆို အောင်မြင်ခဲ့သည်။
- ကျောင်းသား၊ သူ (၁၄၃)ဦးသည် မြန်မာအစိုးရစစ် (၈)တန်းစာမေးပွဲကိုဖြေဆို အောင်မြင်ခဲ့သည်။
- ကျောင်းသား၊ သူ(၂၅)ဦးသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို အောင်မြင်ခဲ့သည်။
- ကျောင်းသား၊ သူ(၄၉၁) ဦးသည် Education Quality Assurance Board (EQAB) ရဲ့(၃) တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။
- ကျောင်းသား၊သူ (၁၉၉)ဦးသည် EQAB၏ (၇) တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။
- BMWECနှင့် မြဝတီမြို့နယ် ပညာရေးရုံး တို့ပူးပေါင်းဆောင်ရွက်ပြီး MLCs ရှိကျောင်းသား ၁၅၄ယောက်အား မြန်မာအစိုးရကျောင်းသို့ တရားဝင်လွှဲ ပြောင်း မှု လက်မှတ်ဖြင့် လွှဲပြောင်းပေးနိုင်ခဲ့သည်။

| EQF ကျောင်းများတွင် အသုံးပြုခဲ့သော သင်ရိုးညွှန်းတမ်းများ | MLCsစုစုပေါင်း |
|---|---|
| မြန်မာနိုင်ငံ အတန်းတင် (၄)တန်း (၈) တန်းနှင့် (၁၀)တန်းစာမေးပွဲ | ၃၇ |
| မြန်မာ NFPE/NFME | ၁၈ |
| (EQAB)ရဲ့(၃)တန်း (၇)တန်း (၉ )တန်း စာမေးပွဲ | ၁၅ |
| ထိုင်း (NFE) ကျောင်းပြင်ပပညာရေး | ၆ |
| GED စာမေးပွဲ/ နိုင်ငံတကာအဆင့် | ၃ |
| ကရင်ပညာရေးဖွံ့ဖြိုးရေးဌာန (KED) သင်ရိုးညွှန်းတမ်း | ၃ |
| မသန်စွမ်းပညာရေး | ၁ |

*တစ်ချို့ကျောင်းများသည် သင်ရိုးညွှန်းတမ်း တစ်မျိုးထက် ပို၍ အသုံးပြုကြသည်။

*ကျောင်း ၆ ကျောင်းတွင် စကောကရင်(သို့)ပိုး ဘာသာ စကားများကို သင်ကြားမှုအသုံး ပြု ဒုတိယ ဘာသာစကား အဖြစ်အသုံးပြုကြသည်။

# အဓိကတွေ့ရှိချက်များ(၂၀၁၈-၂၀၁၉)

### ဆရာ/မ အရည်အသွေးနှင့် ပံ့ပိုးမှု

ဆရာ၊ ဆရာမ အသစ်နှင့် အတွေ့အကြုံရှိ ဆရာ၊ ဆရာမကြီးများ စွမ်းရည်တည်ဆောက်မှု သင်တန်းများ ရရှိနိုင် ရေး အတွက် ရွှေ့လျားပညာရေးပူးပေါင်းမှု အဖွဲ့(MEP)၊ TeacherFOCUS မြန်မာ, Cotton-On Foundation, မြန်မာ နိုင်ငံပညာရေးဝန်ကြီးဌာန၊ MLRC၊ Save the Children၊ Pathumthani University နှင့် Myanmar Creative Institute တို့မှ ပူးပေါင်းဆောင်ရွက်မှုအစီစဉ်များ ရှိပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ စုစုပေါင်း (၄၀၀)ကျော်သည် ကျွမ်းကျင် အတတ်ပညာ များရရှိခဲ့သည်။ ရွှေ့ပြောင်း ကျောင်းများ(MLCs) မှ ဆရာ၊ ဆရာမများကို လူသားအရင်းအမြစ် အထောက်အပံ့ ပေးလျက်ရှိသည့် အပြင် စာချုပ်စာတမ်းများ၊ သင့် တင့်မျှတသော လစာရရှိမှုနှုန်း၊ ပုံမှန် လစာပေးခြင်းစနစ်နှင့် ဆရာ၊ ဆရာမ များ စီမံခန့်ခွဲမှု အစည်းအဝေးများ ပြု လုပ်သည်ကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းဆရာ၊ ဆရာမများအား အသိအမှတ်ပြုခြင်း မခံရမှု ဆက်လက်ရှိနေသဖြင့် ၎င်းတို့၏ အနာဂတ် သည် သေချာမှုမရှိပါ။ ရွှေ့ပြောင်းဆရာ၊ ဆရာမများ၏ အလုပ်ထွက်နှုန်းသည် အလွန်မြင့်တက် လျက်ရှိ သည်။ ဆရာ၊ ဆရာမများကို အကဲဖြတ်လေ့လာမှုနှင့် အချိန်ပြည့် ပံ့ပိုးမှု ရှိသော်လည်း ခိုင်မာသော ဆရာ၊ ဆရာမများ၏အချက်အလက်စုဆောင်းမှုနှင့် သင်တန်းတက်ရောက်သည့် ဆရာ၊ ဆရာမစာရင်း မှတ်တမ်း စာအုပ်များလည်းထိန်းသိမ်းမှု လိုအပ်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။

### ကျောင်းသားများ အသိအမှတ်ပြုခံရမှု

MLC ကျောင်းသားများအတွက် တရားဝင် ပညာရေးအခွင့်အလမ်းများစွာရှိပါသည်။ ၎င်းတို့မှာထိုင်းကျောင်းပြင်ပ ပညာရေး (NFE)၊ မြန်မာ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)၊ ပညာအရည်အသွေးအာမခံအဖွဲ့(EQAB) ၏ စာမေးပွဲများ၊ မြန်မာနိုင်ငံ၏ တရားဝင်အတန်းပညာ (၄)တန်း၊ (၈) တန်းနှင့် (၁၀) တန်း၊ စာမေး ပွဲများ ရှိပါသည်။ ၉၁% သော MLCsကျောင်းများ အသုံးပြုသည့် သင်ရိုးညွှန်းတမ်းများနှင့် အစီစဉ်များသည် အသိအမှတ်ပြုခံရနိုင်သော ပညာရေးလက်မှတ်များအဖြစ် လုပ်ဆောင်ပေးသည်။

ပညာရေးဌာနများနှင့် တိုးမြှင့်ပေါင်းစည်းခြင်း လုပ်ဆောင်လာခဲ့သည့် အလျောက် ဆရာ၊ ဆရာမတစ်ချို့မှာNFPE ဆရာ၊ ဆရာမသင်တန်းများ တက်ရောက်ခြင်းနှင့် ဒုတိယတန်း သင်ရိုးညွှန်းတမ်း မြှင့်တင်မှု သင်တန်းကိုလည်း မြန်မာ ပြည်တွင် တက်ရောက်ခဲ့သည်။ ကျောင်းသား၊ သူများ၏ မိသားစုများသည် အနာဂတ်မရေရာမှုများကြုံ တွေ့နေရသည်။ သို့သော် ကလေးများအနေဖြင့် မိသားစုအခြေအနေ မည်သို့ပင် ဖြစ်နေလင့်ကစား ပညာရေး ဆက် လက်သင်ယူရန် အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ သင်ယူရရှိမှု လိုအပ်ပါသည်။ ထိုင်းပညာ ရေးစနစ် သို့ ရွှေ့ပြောင်းမိသားစုဝင်မှ ကလေးများ တက်ရောက်နိုင်မှုအတွက် စေ့စပ် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းမှာ အား နည်း နေသေးသည်။ အခြားအကူးအပြောင်း အစီအစဉ်များနှင့် အခွင့်အလမ်းများ ရရှိစေရေးအတွက် နားလည် သဘောပေါက်မှု ဖြစ်စေမည့် လှုပ်ရှားမှုများသည်လည်း ကွာဟမှုရှိနေသည်။

### ကလေးကာကွယ် စောင့်ရှောက်ရေး

အခြေခံကျသော ကလေးကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်မှုများအတွက် MLCsများရှိ ပညာရေးဝန် ထမ်းများအားလုံးမှ ကလေးကာကွယ်စောင့်ရေးနှင့်ဆိုင်သော သဘောတူညီချက်စာချုပ်ကို နှစ်စဉ် လက် မှတ်ရေးထိုးရသည်။ ကျောင်းများတွင် ကလေးကာကွယ်စောင့်ရှောက်ရေး မှတ်တမ်းများနှင့် အစီရင်ခံမှုစနစ် ရှိပါသည်။ သို့ သော် အစီရင်ခံမှုနှင့် စနစ်များကို နယ်မြေအနေအထားပေါ်မူတည်၍ ကျင့်သုံးသင့်သည်။ က လေးကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုကို ပိုမိုညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျောင်းများတွင် အဆင်ပြေ ချောမွေ့စွာ ရရှိ အောင် လုပ်ဆောင်ပေးသင့်သည်။ MLCsကျောင်း များ တွင် တက်ရောက်နေသော ကလေး များ ၏ မိဘနှင့်အုပ် ထိန်း သူများကို ကလေးကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအခွင့်အရေးဆိုင်ရာအကြောင်းအရာများကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် မျှဝေသင့်သည်။

| | |
|---|---|
| ကျောင်းစီမံခန့်ခွဲမှု | MLCs အနေနဲ့ကျောင်းသားစာရင်း၊ ကျောင်းခေါ်ကြိမ်စာရင်းပြုစုခြင်းနှင့် ကျောင်းထွက်မှု အချက်အလက် များကို ပုံမှန်လုပ်ဆောင်ပေးသည်။ MLC (၅၄) ကျောင်းမှ ရရှိသော စာရင်းအရ ကျောင်းထွက်မှု နှုန်းမှာ ၄.၁၂% ဖြစ် ခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ၀.၁၈% လျော့ကျခဲ့သည်။ ကျောင်းအချက်အလက် စီမံ ခန့်ခွဲမှုနှင့် မှတ်တမ်းတင် ပြုစုခြင်းအပိုင်းများတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် အလုပ်ခေါ်စာများနှင့် စာချုပ်များကို စနစ်တကျ သိမ်းဆည်းထားသင့်သည်။ MLCs ကျောင်း များအား ကျောင်းစီမံခန့်ခွဲမှုစနစ် တိုးတက်လာစေရန် ပံ့ပိုးပေးသင့်သည်။ MLCs ကျောင်းများသို့ကျောင်းပြင်ပမှ ဝင်လာသော ကလေးသူများ၏ အချက်အလက်များကို သေချာစွာ ထားရှိနိုင်မှုသည် ကွာဟလိုအပ် နေသေးသည်။ နယ်စပ်တစ်လျှောက်တွင်နေထိုင်သော ကလေးများ၏ အချက်အလက်များကို စုဆောင်းနိုင်မှု အတွက် အခြားအရင်းအမြစ်များ လိုအပ်နေ သေး သည်။ |
| မိဘဆရာပူးပေါင်းပ ပါဝင်မှု | MLCs အများစုအနေဖြင့် ကျောင်းသား၊ မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပုံမှန်အစည်းအဝေးများ ရှိသည်။ MLCs ကျောင်းအများစုတွင် ကိုယ်ပိုင်ဝင်ငွေရှာဖွေနိုင်သောအစီစဉ်များ (သို့) ထိုကဲ့သို့အစီစဉ်များအလှူ ငွေ ရ စေရန် နည်းလမ်းများရှိသည်။ ဒေသအတွင်းရန်ပုံငွေရရှိနိုင်ရန် ၊ ပညာရေးအခွင့်အလမ်းများ သိရှိနားလည် လာနိုင်စေရန်၊ မိဘများ၏ ပါဝင်ပူးပေါင်းမှု ရရှိနိုင်စေရန် စသည့်နည်းလမ်းသစ်များနှင့် အား ကောင်းသော နည်း လမ်းသစ်များရရှိရန် ပံ့ပိုး မှုများလိုအပ်နေသေးသည်။ |

# အဓိက အကြံပြုချက်များ

## လိုအပ်သည့် ရန်ပုံငွေပြခြင်း

ရွှေ့ပြောင်းပညာရေးအနေဖြင့် လွန်ခဲ့သောနှစ်များတွင် အားကောင်းသော ခြေလှမ်းများ ပြုလုပ်နိုင်ခဲ့သည်။ အလှူရှင်များထံမှ ယုံကြည်မှုအား ပြန်လည်တည်ဆောက်ရယူခြင်းနှင့် ရန်ပုံငွေ ပိုမိုရရှိမှု သည် ထိုင်းနိုင်ငံရှိ အကူညီလိုအပ်နေသော ကလေးများ အဆင့်မီပညာရေး ရရှိရန်အတွက် လွန်စွာ အရေး ပါပြီး သေချာစွာ လုပ်ဆောင်ရန် လိုအပ်သည်။

## ကျောင်းသားများအသိအမှတ်ပြုခံရမှု

ထိုင်းနှင့်မြန်မာ ကျောင်းပြင်ပ ပညာရေး အထောက်အကူပြု နည်းလမ်းများဖြင့် အလုပ်လုပ်နေသောသူများ၊ ကျောင်းနေ သက် ကျော်လွန်သော သူများနှင့် ကျောင်းပြင်ပ ကလေးများအတွက်တိုးချဲ့ပံ့ပိုးပေးနိုင်ရန် ပညာရေးအဖွဲ့အစည်းများကို အထောက် အ ပံ့ ပေးပြီး လိုအပ်သော ဆရာ၊ ဆရာမများအား လေ့ကျင့်မှုပေးမှုနှင့် အလုပ်ခန့်ထားမှုများပြုလုပ် ရန်လို အပ် သည်။ ထိုင်း ကျောင်း များသို့ တက်ရောက်ပညာသင်ရန် လိုအပ်သည့် လုပ်ငန်း စဉ်များကို ရွှေ့ပြောင်းဒေသရှိ မိဘများအား နားလည်သဘော ပေါက်လာအောင် ပိုမိုလုပ်ဆောင် ရန်လိုအပ်သည်။ အဆိုပါ လုပ်ငန်းစဉ်များကို နားလည်စေရန် စေ့စပ် ညှိနှိုင်းပေးသူများနှင့်ထိုင်း ဘာသာ အကူအညီ ပံ့ပိုးမှုများ လိုအပ်နေသေးသည်။ MLCsများ အသုံးပြု သည့် အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများသည် က လေး များအတွက် ထိုင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များတွင် ဆက်လက်တက်ရောက်ရန် အခွင့်အရေးပေးသည်။ သူတို့၏ ရွေးချယ်မှုအား ထောက်ပံ့ပေးရန် အကြံပြုချက် များလိုအပ်သည်။

## ဆရာ/မ အရည်အသွေးနှင့် ပံ့ပိုးမှု

ပညာရေးဌာနမှ ရွှေ့ပြောင်းဆရာ၊ ဆရာမများကို တရားဝင်အသိအမှတ်ပြုခံရနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်း၊ အတတ်ပညာ ကျွမ်းကျင်မှုများ စသည့်အချက်အလက်များကို စုဆောင်းထားသင့်သည်။ သို့မှသာ နေရပ်ပြန်ချင်ပါက ဂုဏ်သိက္ခာရှိရှိ တရားဝင် ပြန်လည်အလုပ်ခွင် ဝင်နိုင်မည်ဖြစ်သည်။ ရွှေ့ပြောင်းဆရာ၊ ဆရာမများ တစ်စတစ်စ လျော့နည်းသွားခြင်းကို ထောက်ပြရလျှင် အချို့သော ဆရာ၊ ဆရာမများအနေဖြင့် MLCs ကျောင်းများတွင် တရားဝင် အလုပ်လုပ်နိုင်ရန်၊ တရားဝင်အသိအမှတ်ပြု စာရွက်စာတမ်းများ လိုအပ်လျက်ရှိနေခြင်း၊ ရွှေ့ပြောင်းဆရာ၊ ဆရာမများကို တရားဝင် အသိအမှတ်ပြုနိုင်စေရန် ပိုမိုအားကောင်းသော သင်တန်းများ ကျယ်ပြန့်လာစေရန် လုပ်ဆောင်ပေးခြင်း၊ MLCsများအနေဖြင့် ထိုင်းဘာသာရပ်သင်ကြားပေးမည့် ဆရာ၊ ဆရာမများ ခန့်အပ်နိုင်ရန် ရန်ပုံငွေများလို အပ်နေခြင်း။

## မိဘဆရာ ပူးပေါင်းပါဝင်မှု

ပညာရေးနယ်ပယ်ရှိ ပါဝင်ပတ်သက်သူများအနေဖြင့် ထောက်ကူခြင်းများ လုပ်ဆောင်ရန် ၊ မိဘများကို ပညာရေးအခွင့်အလမ်းများ နားလည်းသိရှိလာစေရန် သင်တန်းများပေးပြီး၊ ပညာရေးတွင် ၄င်းတို့၏ အနာဂတ် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ရန်ပုံငွေများလုပ်အပ်နေခြင်း။

တပြေးညီသော စံချိန်စံညွှန်းများ လက်တွေ့အသုံးချမှုအပြင် MLCsကျောင်းများအချင်းအချင်း မိမိတို့၏ ကောင်း မွန်သော လုပ်ဆောင်ချက် များကို သင်ယူနိုင်ရန် PTAလမ်းညွှန်ချက်များလိုအပ်လျက်ရှိသည်။

## ကလေးကာကွယ်စောင့်ရှောက်ရေး

လက်ရှိကလေးများ၏ လုံခြုံရေးကွန်ယက်ကို အားကောင်းလာစေရန် လုပ်ဆောင်ပြီး ဆက်စပ်သော သတင်းအချက်အလက်များကို ပြည့်စုံစွာ အသေးစိပ် အစီရင်ခံပြီး ထိုကိစ္စများကို ကြားနေအဖွဲ့အစည်းများမှ လေ့လာစောင့်ကြည့်သင့်သည်။
ကလေးကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ အနေဖြင့် ကျောင်းများတွင် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းများတွင် အဆင်ပြေချောမွေ့စွာ ရရှိအောင် လုပ်ဆောင်ပေးသင့်သည်။
အချို့အခြေအနေများတွင် ကျောင်းအနေဖြင့် သက်ဆိုင်ရာ ကလေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာအချက်အလက်အသစ်များရှိရန် လိုအပ်သည်။
ပူးပေါင်းလုပ်ဆောင်သော ကလေးကာကွယ်စောင့်ရှောက်ရေး သင်တန်းများ ရပ်ကွက်အဆင့်တွင် လိုအပ်နေသည်။
MLCs ကျောင်းများတွင် ကျောင်းသား ကော်မတီများ ကလေးများရဲ့အခွင့်အရေး အသံကို ဖော်ထုတ် ပေးကြသည်။ အခြားMLCs ကျောင်းများတွင်လည်း အလားတူ ဆောင်ရွက်သင့်သည်။

## ကျောင်းစည်းမံခန့်ခွဲမှု

မှတ်တမ်းထိန်းသိမ်းမှု နမူနာနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု သင်တန်းများသည် ကျောင်းအဆင့် ပြုလုပ်ပေးသင့်ပြီး ထိုသို့ဖြင့် MLCs ကျောင်းများ တစ်ပြေးညီ ဤစနစ်ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ထိုင်းကျောင်းများနှင့် မြန်မာရွှေ့ပြောင်း ကျောင်းများအချင်းချင်း ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သင့်သည်။

# လှုပ်ရှားမှု မှတ်တမ်းများ


Burmese Migrant Teachers' Association
EQF TRAINING
BMTA
9.11.2018









# EQF မိတ်အဖွဲ့အစည်းများ

Migrant Educational Co-ordination Center(MECC)သည် တာ့ခ်ခရိုင် ပညာရေးဝန် ဆောင်မှုဇရိယာ(၂)အောက်တွင်ရှိသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။MECCမှကျောင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဒေသတွင်းအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များအကြား ချိတ်ဆက်ပေါင်းကူးပေးသည်။ ရွှေ့ပြောင်းကျောင်းများသည် MECC၏အောက်တွင် စာရင်သွင်းထားပြီး ဖြစ်သည်။ MECCအား Child’s Dream Foundation (ထိုင်း) မှ ပံ့ပိုးပေးထားသည်။

The Burmese Migrant Worders’ Education Committee (BMWEC) သည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင်ရှိသော ရွှေ့ပြောင်းမိသားစုများ၏ကျောင်းနေရွယ် ကလေးများအား ပံ့ပိုးပေးနေသော ဒေသ တွင်း အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ BMWEC သည် ၂၀၀၀ခုနှစ်တွင် စတင်ခဲ့ပြီး၊ တာ့ခ်ခရိုင်အတွင်းရှိ ရွှေ့ပြောင်းကျောင်း (၂၃) ကျောင်းအား ကြီးကြပ်ပေးနေသော အဖွဲ့တစ်ဖွဲ့ ဖြစ် သည်။ BMWECအနေဖြင့် ကျန်းမာ၊ပျော်ရွှင်ပြီး အနာဂတ်လုပသော ကျောင်းသား၊သူများ မွေးထုတ်ပေးနိုင်ရန် ရွှေ့ပြောင်းကလေးငယ်များအား အရည်အသွေးပြည့်မီသော ပညာရေးပံ့ပိုးပေးနိုင်မှုကို တတတ်တအား လုပ်ဆောင်လျက်ရှိသည်။

B.M.W.E.C

Release the Potential

Help without Frontiers Thailand Foundation (HwF)သည် ဆင်းရဲနွမ်းပါးမှု၊ ခွဲခြားခံရမှုနှင့် အကြမ်းဖက်ခံရမှုများ၏ အဓိကပြဿနာအရင်းအမြစ်ကို ပညာရေး၊ လူငယ်တိုးတက်ရေး၊ ကျန်းမာရေး၊ ကာ ကွယ်ရေး၊ ရေရှည်ရပ်တည်နိုင်မှုအတွက် ဒေသတွင်းလုပ်ကိုင်နိုင်စွမ်းများ အသုံးပြုပြီး တိုက်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင် ကလေးများ၊ လူငယ်များနှင့်၎င်းတို့၏ဒေသအတွက် ပို၍ကောင်းမွန်သော အနာဂတ်ဖြစ်လာစေရန် အခွင့်အရေးများပေးပြီး ကူညီလုပ်ဆောင်ပါသည်။

help without frontiers มูลนิธิ ช่วย ไร้พรมแดน

The Burmese Migrant Teachers’ Association (BMTA) သည် ဒေသအတွင်းနှင့် နိုင်ငံတကာမှ ပညာရေးလုပ်ဆောင်သောသူများနှင့် ပူးပေါင်း၍ လုံ့ဆော်ပေးခြင်းဖြင့် ဆရာများ၏ အခွင့်အရေးများ မြင့်တက်လာစေရန် လုပ်ဆောင်ပါသည်။ BMTA မှ စည်းလုံးမှုနှင့် ဆရာများ၏ တန်ဖိုးကို မြှင့်တင်ပေးနိုင်ရန် ဆရာ၊ ဆရာမအရည်အသွေးမြှင့် သင်တန်းများနှင့် အုပ်ချုပ်မှု သင်တန်းများ စီမံပေးခြင်း ဖြင့်ဆရာ၊ဆရာမများ၏ပုံရိပ်ကို ပိုမိုမြင့်တက်လာစေပါ သည်။

BMTA

TeacherFOCUS Myanmar(TFM)သည် မြန်မာနိုင်ငံပညာရေးစနစ်အပေါ်တွင် အခြေခံ၍ လုပ်ကိုင်နေရသော်လည်း မြန်မာဆရာ၊ ဆရာမများကဲ့သို့ အကျိုးခံစားခွင့် မရသော ဆရာ၊ ဆရာမများ၏ အသိအမှတ်ပြုခံရမှုအတွက် သင့်တင့်လျှောက်ပတ်သော နည်းလမ်းများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါ သည်။ ကဏ္ဍအလိုက် အရည်အသွေးမြှင့်တင်မှုများ၊ မီဒီယာအခြေပြုပြဿနာ ဖြေရှင်းခြင်းများနှင့် အချက်အလက်များ အသုံးပြု၍ လှုံ့ဆောင်ပေးမှုများ အသုံးပြုပြီး ဆရာ၊ ဆရာမများအတွက် အကျိုး သက်ရောက်မှုရှိသော မြန်မာနိုင်ငံသို့ပြန်လည်ပေါင်စည်းမှုအား မြှင့်တင်ပေးရန် ဖြစ်ပါသည်။ (TFM) ကို Child’s Dream Foundation (ထိုင်း)မှ ပံ့ပိုးပေးထားသည်။

Teacher FOCUS Myanmar